# Redeemig Failure

## ရည်ရွယ်ချက်

ကျရှုံးခြင်းဟာ ပြိုလဲပျက်စီးခြင်း ဒါမှမဟုတ် ထိုးဖောက်တိုးတက်ခြင်း တစ်ခုခုဖြစ်နိုင်ပါတယ်။ ကျမ်းစာရှုထောင့်၊ အထူးသဖြင့် ကောရိန္သုဩဝါဒစာ ဒုတိယစောင်ထဲက ပေါလုရဲ့သွန်သင်ချက်တွေကို အခြေခံပြီး ကြီးထွားခြင်းနှင့် အသွင်ပြောင်းလဲခြင်းအတွက် ကျရှုံးခြင်းက ဘယ်လောက်အရေးကြီးကြောင်း လေ့လာဆန်းစစ်ကြမှာဖြစ်ပါတယ်။ ကျရှုံးမှာကို ကြောက်ရွံ့ခြင်းအား စီမံခန့်ခွဲခြင်း၊ အပြုသဘောဆောင်တဲ့ စိတ်ထားဖြင့် နည်းလမ်းရှာခြင်းနှင့် အခြားသူတွေရဲ့စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့ ဦးဆောင်ခြင်းရဲ့ အရေးပါပုံတို့ကို ဆွေးနွေးထားပါတယ်။ ခေါင်းဆောင်တွေအနေနှင့် ဖြစ်တည်မှုနှင့် လုပ်ဆောင်ချက်ကို ခွဲခြားသိမြင်နိုင်ဖို့၊ မျှော်လင့်ချက်တွေကို စီမံခန့်ခွဲနိုင်ဖို့နှင့် တစ်ဦးချင်းရဲ့အားသာချက်တွေအပေါ် အာရုံစိုက်နိုင်ဖို့ လက်တွေ့ကျတဲ့ ဗျူဟာတွေကို အလေးပေးဖော်ပြသွားထားပါတယ်။ ကျရှုံးခြင်းတွေရဲ့အလားအလာကို အနာဂတ်အောင်မြင်မှုနှင့် ရင့်ကျက်မှုအတွက်  အသုံးချနိုင်ဖို့ ၎င်းတို့ကို အကဲဖြတ်ရာမှာ မေးတဲ့ အရေးကြီးတဲ့ မေးခွန်းတွေကိုလည်း ဒီသင်ခန်းစာမှာ ဖြေရှင်းထားပါတယ်။ အမှန်တကယ်တော့ ကျရှုံးခြင်းဟာ ဘုရားဆီကလာတဲ့ လက်ဆောင်တစ်ခုလည်း ဖြစ်နိုင်ပါတယ်။

## အကျဉ်းချုပ်

- ကျရှုံးမှုအပေါ် ကျမ်းစာရှုထောင့်
- ကျရှုံးမှုမှတဆင့် သင်ယူခြင်း
- ကျရှုံးမှာကို ကြောက်ရွံ့ခြင်းအား ကျော်လွှားခြင်း
- ခေါင်းဆောင်မှုတွင် ကျရှုံးမှုကို ပြန်လည်ကုစားခြင်း
- မျှော်လင့်ချက်နှင့် ဖြစ်တည်မှုတို့ကို စီမံခန့်ခွဲခြင်း
- ကျရှုံးမှုကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်း
    - ဘာကြောင့် မအောင်မြင်တာလဲ
    - ဘယ်ပြဿနာတွေ ဖော်ထုတ်ခဲ့လဲ
    - ဘယ်သူ့ကို လိုအပ်တာလဲ
- ကြီးထွားခြင်းအတွက် ကျရှုံးမှုကို လက်ခံခြင်း

## ကိုးကားထားသောကျမ်းပိုဒ်များ

၂ ကောရိန္သု ၃:၁၇–၁၈

မဿဲ ၁၄:၂၂–၃၃

နောက်ထပ်လေ့လာရန် မေးခွန်းများ

၁။ အမှုတော်လုပ်ငန်းမှာ ကျွန်တော်တို့ရဲ့ကြီးထွားမှုနှင့် ထိရောက်မှုကို ကျရှုံးမှာကို ကြောက်ရွံ့တဲ့စိတ်က ဘယ်လိုနည်းနှင့် တားဆီးနိုင်သလဲ။

၂။ ကျရှုံးမှုကို ရှက်ရွံ့မှုရဲ့အရင်းအမြစ်တစ်ခုအဖြစ် မမြင်ဘဲ သင်ယူမှုအခွင့်အလမ်းတစ်ခုအဖြစ် ရှုမြင်တဲ့ ယဉ်ကျေးမှုတစ်ခု ဖန်တီးဖို့ ခေါင်းဆောင်တွေ လုပ်ဆောင်နိုင်တဲ့ လက်တွေ့ကျတဲ့ အဆင့်တွေက ဘာတွေဖြစ်မလဲ။

၃။ ကျွန်တော်တို့အဖွဲ့ဝင်တွေရဲ့အားသာချက်တွေကို ဘယ်လိုဖော်ထုတ်ပြီး ကျရှုံးမှုတွေမှာ ပိုမိုကောင်းမွန်စွာ ပံ့ပိုးပေးနိုင်မလဲ။

၄။ အထက်က မေးခွန်းသုံးခုကို မေးမြန်းခြင်းဖြင့် မကြာသေးမီက ကျရှုံးမှုတွေကို ဘယ်လိုထိရောက်စွာ ခွဲခြမ်းစိတ်ဖြာပြီး ကိုင်တွယ်ဖြေရှင်းနိုင်မလဲ။ (ဘာကြောင့် မအောင်မြင်တာလဲ၊ ဘယ်လိုပြဿနာတွေ ပေါ်ပေါက်ခဲ့တာလဲ၊ ဘယ်သူ့ကို လိုအပ်တာလဲ)

**ဆက်လက်လေ့လာရန်ကျမ်းများ**

ဖိလိပ္ပိ ၃:၁၃–၁၄

သုတ္တံ ၂၄:၁၆